ယခုအချိန်မှာ အထက်တန်းစားဟု ဆိုသော ကုန်သည်များနှင့် အစိုးရ အမှုထမ်းတို့သည် များသောအားဖြင့် ဘွန်းကြီးကျောင်းထွက်များ မဟုတ်ကြ၊ တချို့ကမူ ဘာသာခြား စာသင်ကျောင်းထွက်လည်း ဖြစ်ကြလေသေး၏။

ထို ဘာသာခြား စာသင်ကျောင်းထွက် များသည် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာ တရားဓမ္မ လုပ်ငန်းကိစ္စဟူသမျှနှင့် မျက်နှာ စိမ်းခဲ့ကြခြင်း၊ သူတို့ဆရာကြီးများ၏ မေတ္တာကရုဏာကို ခံယူခဲ့ရခြင်းတို့ကြောင့် ကြီးရင့်သောအခါ ဗုဒ္ဓဘာသာကို မစွန့်သော်လည်း ဗုဒ္ဓဘာသာဝင် အရှင်ကောင်း အရှင်မြတ်များကို ဆည်းကပ်မိဘို့မှာ လွန်စွာပင် ခဲယဉ်းတော့သည်၊ ကြုံကြိုက်သော သာမန် ဘုန်းကြီးများကိုသာ ကိုးကွယ် ဆည်းကပ်ကြရသည့် အတွက်လည်း ဗုဒ္ဓဘာသာ အပေါ်မှာ လေးနက်သော စိတ်ကို မထားတတ်ကြတော့ချေ။

ယခု လွတ်လပ်ပြီးသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ကား ထို ဘာသာခြားစာကို သာ၍ပင် အားကျ ပါးကျ သင်ယူ နေကြ သေး၏၊ ပစ္စည်းဥစ္စာ အထက်တန်းကျလေ ဘာသာခြားကျောင်း၌ အထားများလေ ဖြစ်၏၊ လက်ရှိ အခြေအနေကို စဉ်းစားရလျှင်လည်း နိုင်ငံတော်အစိုးရ အဆက်ဆက်သည် ထို ဘာသာခြား ပညာတတ်တွေသာ ဖြစ်ဘွယ်ရှိနေပေသည်။ [သို့ဖြစ်၍ ဘာသာခြားစာပေကို သင်သည့်